## (၄) မျိုးဆစ်ပုပ်ရောဂါ (Pineapple disease)

**ရောဂါဖြစ်စေသက်ရှိ -** *Ceratocystis paradoxa* (Dade) C. Moreau

**ရောဂါလက္ခဏာ**

ကြံမျိုးဆစ်ဖြတ်ပိုင်းများမှ ရောဂါဖြစ်စေသောမှို ဝင်ရောက်တိုက်ခိုက်သဖြင့် ရောဂါရတစ်ရှူးသားများသည် ပထမတွင်အနီရောင်ဖြစ်လာသည်။ ရောဂါပြင်းထန်ပါက မျိုးဆစ်အတွင်းပိုင်းသည် မဲနက်ကာအခေါင်းဖြစ်သွားသည်။ ရောဂါရအပင်၏ အရွက်များသည် ညှိုးကျသွားပြီး တစ်ခါတစ်ရံ အပင်သေသွားနိုင်သည်။ ကြံပင်ပုပ်စတွင် ထွက်လာသောအနံ့သည် နာနတ်သီး မှည့် အနံ့နှင့်တူသဖြင့် ရောဂါကျရောက်နေကြောင်း သိနိုင်သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသော မျိုးကိုစိုက်ပါ။
- ရောဂါကင်းသော ကြံမျိုးပိုင်းကို သုံးစွဲပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များအား မီးရှို့ဖျက်ဆီးပါ။
- ကြံမျိုးပိုင်းများအား ရေနွေးအပူချိန် ၅၁ ° C တွင် (၃၀) မိနစ်ခန့်စိမ်ပြီးမှ စိုက်ပါ။
- ကြံမျိုးပိုင်းများအား မြေကြီး အောက်နက်နက်ထား၍ မစိုက်ပျိုးပါနှင့်။
- ကြံခင်းရေမဝပ်အောင် ရေထုတ်မြောင်းများပြုလုပ်ပေးပါ။

- မျိုးဆစ်ပိုင်းများအား Thiophanatemethyl (သိုင်အိုဖါနိတ်မီသိုင်း)၊ Azoxystrobin (အဇိုဆီစထရိုဘင်)၊ Propiconazole (ပရိုပီကိုနာဇိုး)၊ Tebuconazole (တက်ဗျူကိုနာဇိုး) ဆေးဖျော်ရည်တွင်စိမ်ပြီးမှစိုက်ပျိုးပါ။